## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

စာအမှတ်၊နသပ/ ၄ / ကသ-၁ / ၂၀၁၉( ၄၅၅၃ )

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

အကြောင်းအရာ။ **၂၀၁၉-၂၀၂၀ ခု၊ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များခေါ်ယူရန် သတင်းစာပါ ကြော်ငြာပေးပို့ခြင်း**

အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် ၂၀၁၉-၂၀၂၀ ခု၊ ပညာသင်နှစ်၌ A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူရန်အတွက် **“၂၀၁၉-၂၀၂၀ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့် လျှောက်လွှာများခေါ်ယူခြင်း”** သတင်းစာကြော်ငြာအား (၇-၁၀-၂၀၁၉) ရက်နေ့မှ (၁၁-၁၀-၂၀၁၉) ရက်နေ့အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများ၌ (၅)ရက်ဆက်တိုက် ကြေညာမည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်။

**ပူးတွဲ** (၁) - သတင်းစာကြော်ငြာ

(၂) - A.G.T.I ဝင်ခွင့်လျှောက်လွှာ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာနေမျိုးထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

**ကျောင်းအုပ်ကြီး၊ အစိုးရနည်းပညာကောလိပ် (မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)**

**ကျောင်းအုပ်ကြီး၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို၊ လှိုင်ကော်၊ ဟားခါး၊ မော်လမြိုင်၊ သံတွဲ၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ နေပြည်တော်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်)**

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

# ပညာရေးဝန်ကြီးဌာန

# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

# ၂၀၁၉-၂၀၂၀ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်

# ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို၊ လွိုင်ကော်၊ ဟားခါး၊ မော်လမြိုင်၊ သံတွဲ၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ နေပြည်တော်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်) စုစုပေါင်း (၂၇)ကျောင်းတွင် ၂၀၁၉-၂၀၂၀ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကိုခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၆)၊ ပြင်ဦးလွင် မပါဝင်ပါ)

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၄)၊ ပူတာအို၊ သံတွဲ၊ ကျောက်ဖြူ မပါဝင်ပါ)

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းများအားလုံး)

(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၆)၊ ကျောက်ဖြူ မပါဝင်ပါ)

(င) သုတနည်းပညာ(အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ၊ ကျောက်ဆည်၊ နေပြည်တော်၊ ပြင်ဦးလွင်၊ အင်းစိန်၊ ကန့်ဘလူ၊ မန္တလေး))

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ(အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ မန္တလေး၊ ပြင်ဦးလွင်))

(ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရနည်းပညာကောလိပ်(ရွှေဘို)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ဝါးခယ်မ၊ ကျိုက်လတ်))

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်))

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက နည်းပညာတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်မည်ဖြစ်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၉-၁၀-၂၀၁၉) ရက်နေ့တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို (၂၈-၁၀-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ မူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။

(င) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃) ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

အစိုးရနည်းပညာကောလိပ်/အစိုးရစက်မှုလက်မှုသိပ္ပံ (                    )

တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက်

၂၀၁၉-၂၀၂၀ ခု၊ ပညာသင်နှစ်၊ A.G.T.I ဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံကပ်ရန်

၁။ အမည် ----------------------------------------

၂။ အသက် (မွေးနေ့သက္ကရာဇ်) ----------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၄။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------------------------------------

၅။ မွေးရာဇာတိ (ရပ်ကွက်/ကျေးရွာ/မြို့နယ်) ----------------------------------------

၆။ အဘအမည် ----------------------------------------

၇။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၈။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------------------------------------

၉။ အလုပ်အကိုင် ----------------------------------------

၁၀။ အမိအမည် ----------------------------------------

၁၁။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၁၂။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------------------------------------

၁၃။ အလုပ်အကိုင် ----------------------------------------

၁၄။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ----------------------------------------

၁၅။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ----------------------------------------

၁၆။ ဆက်သွယ်ရန်ဖုန်းနံပါတ် ----------------------------------------

၁၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် အချက်အလက်များ

(က) အောင်မြင်ခဲ့သည့် ခုံအမှတ်နှင့်ခုနှစ် ----------------------------------------

(ခ) တက်ရောက်ခဲ့သည့်ကျောင်း ----------------------------------------

(ဂ) ဖြေဆိုခဲ့သည့်စာစစ်ဌာန ----------------------------------------

(ဃ) အင်္ဂလိပ်စာနှင့် သင်္ချာနှစ်ဘာသာပေါင်း စုစုပေါင်းရမှတ် ----------------------------------------

(ကက) အင်္ဂလိပ်စာ (          ) မှတ်

(ခခ) သင်္ချာ (          ) မှတ်

၁၈။ ဦးစားပေးသင်ကြားလိုသည့်သင်တန်းများ

(က) ဦးစားပေး (၁) ----------------------------------------------------------------

(ခ) ဦးစားပေး (၂) ----------------------------------------------------------------

(ဂ) ဦးစားပေး (၃) ----------------------------------------------------------------

(ဃ) ဦးစားပေး (၄) ----------------------------------------------------------------

(င) ဦးစားပေး (၅) ----------------------------------------------------------------

၁၉။ သင်တန်းများကို အင်္ဂလိပ်စာနှင့် သင်္ချာနှစ်ဘာသာပေါင်း ရမှတ်အဆင့်ပေါ်အခြေခံ၍ မိမိလျှောက်ထားသည့် ဦးစားပေးအစီအစဉ်အတိုင်း စိစစ်ရွေးချယ်မည်ဖြစ်သည်။ ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းလျှောက်ထားခြင်းမရှိသော သင်တန်းများအတွက် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တက်ရောက်ခွင့်ရရှိပြီးသော သင်တန်းနှင့်ကျောင်းမှ ကျောင်းပြောင်း၊ သင်တန်းပြောင်း လျှောက်ထားခွင့်ပြုမည်မဟုတ်ပါ။

၂၀။ အထက်ပါအချက်အလက်များ မှန်ကန်စွာဖြည့်စွက်ထားပါကြောင်း ဝန်ခံကတိပြုပါသည်။

လျှောက်ထားသူ၏လက်မှတ်၊ ----------------------------------------

အမည်၊ ----------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------------------------------

ရက်စွဲ၊ ----------------------------------------

မှတ်ချက်။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို **ပူးတွဲ**တင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ